# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
# အစိုးရနည်းပညာကောလိပ်/သိပ္ပံ/ကျောင်းများတွင် လစ်လပ်လျက်ရှိသော အမှုထမ်းရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိနှင့်နီးစပ်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းများတွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | နည်းပြ (၂၁၆၀၀၀ိ-၂၀၀ိ-၂၂၆၀၀၀ိ) | B.E(Civil, EC, EP, Mech, MC, IT, Metallurgy) | (၁၈၀)ဦး |
| | | B.A.Hons/ B.Sc.Hons(Myan, Eng,Phys,Chemistry, Maths) | (၁၂၀)ဦး |
| (ခ) | စက်မှုကျွမ်းကျင်(၄) (၁၈၀၀၀၀ိ-၂၀၀ိ-၁၉၀၀၀၀ိ) | AGTI(Civil, EC, EP, Mech, IT) ဒီပလိုမာလက်မှတ်ရရှိသူ | (၃၅၀)ဦး |
| (ဂ) | စက်မှုကျွမ်းကျင်(၅) (၁၆၂၀၀၀ိ-၂၀၀ိ-၁၇၂၀၀၀ိ) | GTHS(BT, EcT, ET, AMT, MT, IT, RACT)သင်တန်းဆင်း လက်မှတ်ရရှိသူ | (၁၀၀)ဦး |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀-၁၁-၂၀၂၂)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၆)နှစ်ထက် မကျော်သူဖြစ်ရမည်။

(ဂ) ဝန်ထမ်းအဖြစ် ခန့်ထားခြင်းခံရပါက နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် တစ်ဆက်တည်း လုပ်သက် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(င) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(စ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဆ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ Website www.dtvet.gov.mm တွင် dowload ရယူ၍ သော်လည်းကောင်း၊ နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် လျှောက်လွှာများကို ထုတ်ယူ၍ သော်လည်းကောင်း အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲလျက် (၁၈-၁၁-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ နီးစပ်ရာကျောင်းများသို့ တိုက်ရိုက်တင်သွင်း လျှောက်ထား ရမည်-

(က) ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာ၊ AGTI ဒီပလိုမာလက်မှတ်၊ GTHS သင်တန်းဆင်းလက်မှတ် မိတ္တူ။

(ခ) (၆)လအတွင်းရိုက်ထားသော ပတ်စပို့ ဓာတ်ပုံ(၃)ပုံ၊ အသက်အထောက်အထား အတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဌာနအဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြု ကြောင်း ထောက်ခံချက် မူရင်း။

(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် (၁)နှစ် အတွင်း ပြုလုပ်ထားသော သက်တမ်းရှိ အလုပ် သမားမှတ်ပုံတင် မိတ္တူ။

(င) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ မူရင်း။

(စ) (၁)လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ် ရေးမှူး ထောက်ခံချက်မူရင်း။

(ဆ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက် မူရင်း။

၄။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီးမှ လျှောက်ထားရန်ဖြစ်ပြီး အချိန်မီစေရန် လျှောက်လွှာ တစ်စောင်ကို ကြိုတင်မိတ္တူဟုရေးသားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနသို့ ပေးပို့နိုင်ပါသည်။

၅။ အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသည့် နည်းပြရာထူးနှင့် စက်မှုကျွမ်းကျင်(၄)ရာထူး နေရာများအတွက် လျှောက်ထားသူများသည် မိမိလျှောက်လွှာ တင်သွင်းခဲ့သည့် သက်ဆိုင်ရာ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ရေးဖြေစာမေးပွဲ ဝင်ရောက် ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့ စာမေးပွဲဖြေဆိုရမည်။

၆။ စက်မှုကျွမ်းကျင်(၅)ရာထူးနေရာများအတွက် လျှောက်ထားလာသူ GTHS သင်တန်းဆင်း လက်မှတ်ရများအား လူတွေ့စစ်ဆေးမှု ပြုလုပ်မည် ဖြစ်ပါသည်။

၇။ လူတွေ့စစ်ဆေးချိန်တွင် (ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာ၊ AGTI ဒီပလိုမာ လက်မှတ်၊ GTHS သင်တန်းဆင်းလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်)မူရင်းများ တင်ပြနိုင်ရမည်။

၈။ ရေးဖြေအောင်မြင်သူစာရင်းနှင့် အလုပ်ခန့်အပ်ခြင်းခံရသူများစာရင်းအား Website www.dtvet.gov.mm နှင့် နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် ကြေညာသွားမည်ဖြစ်ပါသည်။

၉။ လျှောက်လွှာနှင့် စပ်လျဉ်း၍ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြ ရမည့် စာရွက်စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ထားသောရက်ထက် နောက်ကျ ရောက်ရှိလာသော လျှောက်လွှာများကို (လုံး၀)လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့် ကတ်ပြားများကို (၂၄-၁၁-၂၀၂၂)ရက်နေ့နှင့် (၂၅-၁၁-၂၀၂၂)ရက်နေ့ များတွင် မိမိတို့ လျှောက်ထားခဲ့သည့် ကျောင်းများ၌ ရုံးချိန်အတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အတူ ကာယကံရှင်ကိုယ်တိုင် လာရောက်ထုတ်ယူရမည် ဖြစ်ပါသည်။

၁၁။ ရေးဖြေအောင်မြင်သူများနှင့် GTHS သင်တန်းဆင်းလက်မှတ်ရများ၏ လူတွေ့စစ်ဆေးခြင်းကို (၇-၁-၂၀၂၃)ရက်နေ့နှင့် (၈-၁-၂၀၂၃) ရက်နေ့ နံနက်(၉:၀၀)နာရီအချိန်တွင် ကျင်းပဆောင်ရွက် သွားမည် ဖြစ်ပါသည်။

၁၂။ ရေးဖြေစာမေးပွဲ စစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည် ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | (၂၆-၁၁-၂၀၂၂) | နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ |
| (ခ) | အထွေထွေဗဟုသုတ | (၂၆-၁၁-၂၀၂၂) | မွန်းလွဲ ၀၁:၀၀နာရီ မှ ၀၃:၀၀နာရီ အထိ |
| (ဂ) | အင်္ဂလိပ်စာ | (၂၇-၁၁-၂၀၂၂) | နံနက် ၁၀:၀၀နာရီ မှ ၁၂:၀၀နာရီ အထိ |

**မှတ်ချက်။** အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မိမိလျှောက်ထားသည့် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**အလုပ်လျှောက်လွှာ**

| ဓါတ်ပုံ |
|---|

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ လ၊ ရက်

၁။ အမည် -------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -------------------------------------------

၃။ လျှောက်ထားသည့်ရာထူး -------------------------------------------

၄။ အဖအမည် -------------------------------------------

၅။ ပညာအရည်အချင်း -------------------------------------------

၆။ မွေးသက္ကရာဇ်(ရက်-လ-နှစ်)/ -------------------------------------------

အသက် -------------------------------------------

၇။ လူမျိုး/ဘာသာ -------------------------------------------

၈။ မွေးဖွားရာဇာတိ -------------------------------------------

၉။ အိမ်ထောင်ရှိ/မရှိ -------------------------------------------

၁၀။ ဆက်သွယ်ရန်လိပ်စာ -------------------------------------------

-------------------------------------------

၁၁။ ဖုန်းနံပါတ် -------------------------------------------

၁၂။ အမြဲတမ်းနေရပ်လိပ်စာ -------------------------------------------

-------------------------------------------

ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ-------------------------------------

လက်မှတ် -------------------------------------

အမည် -------------------------------------

**မှတ်ချက်။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ၊ AGTI ဒီပလိုမာ သင်တန်းဆင်းလက်မှတ်မိတ္တူ၊ GTHS သင်တန်းဆင်းလက်မှတ်မိတ္တူ၊ GTHS ဒုတိယနှစ် အမှတ်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ဆေးရေးကတ်ပြားအမှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာမူရင်း၊ ရပ်ကွက်ထောက်ခံစာမူရင်း၊ ဆေးထောက်ခံစာမူးရင်းများ ပူးတွဲ တင်ပြရန်။**

# နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ

## -------------------------------------ကျောင်းတွင်

## အလုပ်လျှောက်ထားလာသူများ၏ ကိုယ်ရေးအကျဉ်း

| စဉ် | အမည် | ပညာ<br>အရည်အချင်း | မွေးသက္ကရာဇ်<br>အသက် | လူမျိုး/<br>ဘာသာ | မွေးရာ<br>ဇာတိ | နိုင်ငံသားစိစစ်ရေး<br>ကဒ်ပြားအမှတ် | အိမ်<br>ထောင်<br>ရှိ/မရှိ | လျှောက်ထားသည့်<br>ရာထူး | ဦးစားပေးတာဝန်<br>ထမ်းဆောင်လိုသည့်<br>ကျောင်း(၁၀)ကျောင်း | စာမေးပွဲ<br>ဖြေဆိုမည့်ဌာန | အမြဲတမ်းနေရပ်<br>လိပ်စာ၊<br>ဖုန်းနံပါတ်၊<br>**Email** | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | | | | | | | | | ၁။<br>၂။<br>၃။<br>၄။<br>၅။<br>၆။<br>၇။<br>၈။<br>၉။<br>၁၀။ | | | |
| ၂ | | | | | | | | | | | | |
| ၃ | | | | | | | | | | | | |
| ၄ | | | | | | | | | | | | |